ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အခြေခံပညာဦးစီးဌာန

နှင့်

Education for Development Foundation – Myanmar တို့အကြား

ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ

ဤနားလည်မှု စာချွန်လွှာသည် EDF–M ဟုရည်ညွှန်းသော Education for Development Foundation–Myanmarနှင့် ဤစာချွန်လွှာတွင်MOEဟု ရည်ညွှန်းပါရှိသောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီမှုဖြစ်သည်။ Education for Development Foundation–Myanmar နှင့် MOE တို့ကိုပူးပေါင်းပြီး တစ်ဖွဲ့ချင်းစီကို အဖွဲ့အစည်း (Party) ဟူ၍လည်းကောင်း၊ အဖွဲ့အစည်းများ (Parties) ဟူ၍လည်းကောင်း ရည်ညွှန်းခေါ်ဆိုပါသည်။

နိဒါန်း

Education for Development Foundation – Myanmarသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဤ Foundation သည် မြန်မာနိုင်ငံတွင် ပညာရေးထောက်ပံ့မှုဆိုင်ရာ လှုပ်ရှားမှုများကိုပြုလုပ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီလုပ်ဆောင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။ အဓိကအားဖြင့် မူလတန်းပညာသာမက အလယ်တန်းပညာရေးကိုပါသင်ယူနိုင်ပြီး ဆက်လက်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကိုပါသင်ယူကာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးနိုင်ရေးနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ကျနိုင်စေရန် ရည်ရွယ်ပါသည်။ ဤ Foundation ကို ၁၉၈၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ မဲခေါင်ဒေသများဖြစ်သော ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယမ်နမ်၊ မြန်မာ စသောဒေသများတွင် ပညာရေးကိုအခြေခံကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ လက်ရှိအချိန်အထိ ပျမ်းမျှ ၃၇၀၀၀ ဦးမှ ပူပေါင်းကူညီထောက်ပံ့လျှက်ရှိပြီး၊ ၄၀၇,၀၀၀ ဦးသော ကျောင်းသားကလေးငယ်လေးများကို ပညာတော်သင်ထောက်ပံ့ကြေးများ ပေးလျက်ရှိပါသည်။

Education for Development Foundation –Myanmar ၏ လိပ်စာမှာ အမှတ် (၅၂) ပထမထပ်၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ၊ရန်ကုန်မြို့ဖြစ်ပြီး မြန်မာနိုင်ငံရုံး ဖုန်းနံပါတ်မှာ +95 9795571738 ဖြစ်ပါသည်။

အခန်း(၁)

ရည်ရွယ်ချက်

Education for Development Foundation – Myanmarသည် ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးကို ရည်ရွယ်ချက်အဖြစ်သတ်မှတ်ကာ အဆိုပါရည်ရွယ်ချက် ပြည့်မြောက်ရေးအတွက် အောက်ပါလုပ်ငန်းများကို လုပ်ဆောင်ပါမည်။

၁။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆိုပါ အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် အဖွဲ့အစည်းကိုဖွဲ့စည်းကာ ဒေသခံ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍သော်လည်းကောင်း၊ အဖွဲ့အစည်းကိုယ်တိုင်သော်လည်းကောင်း ပညာရေးတိုးတက်မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်–

(က) ပညာသင်ထောက်ပံ့ကြေး (Scholarship) ပေးခြင်းဖြင့် ပညာရေးကဏ္ဍကိုမြှင့်တင်ရန်

(ခ) ပညာရေးတိုးတက်ရန်လိုအပ်သည့် စာသင်ကျောင်းများဆောက်လုပ်ခြင်းစသည့် အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းရန်

(ဂ) သင်ကြားရေးဆရာ/ဆရာမများ၏ အရည်အချင်းမြှင့်တင်ရေးဆိုင်ရာထောက်ပံ့မှုများ၊ သင်ထောက်ကူပစ္စည်းများထောက်ပံ့မှုများပြုလုပ်ခြင်းဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ခြင်း

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် စာသင်ကျောင်းများမှတဆင့်ကလေးသူငယ်များ၊ ကျောင်းသား/သူများ၊ စာသင်ကျောင်းများအား ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန်

(င) ကျောင်းအလိုက်လုပ်ငန်းလှုပ်ရှားမှုများ (တစ်ကျောင်းလျှင်လုပ်ငန်းတစ်ခု) စီမံကိန်းကိုအကောင်အထည်ဖော်ရန်

(စ) (က) မှ (င) အထိလုပ်ငန်းများအပြင် ပညာရေးမြှင့်တင်လိုအပ်ချက်များ၊ လုပ်ငန်းစဉ်များကိုလုပ်ဆောင်စေရန်

၂။ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမြှင့်တင်ရန် အောက်ပါလုပ်ငန်းစဉ်များကို လုပ်ဆောင်မည်–

(က) လုပ်ငန်းအသစ်များစီစဉ်ရန် လုပ်ဆောင်ရန်အတွက် Survey ပြုလုပ်ရန်၊ သုတေသနပြုလုပ်ရန်

(ခ) နိုင်ငံခြားပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ရန်၊ လေ့လာမှုများပြုလုပ်ရန်

(ဂ) နိုင်ငံခြားပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် သင်ယူလေ့လာမှုများပြုလုပ်ရန်

(ဃ) ဖွံ့ဖြိုးပြီးနိုင်ငံများမှ ထောက်ပံ့ငွေများရရှိနိုင်ရန် အလှူငွေလက်ခံနိုင်ရေးအတွက် Foundation အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရန်

(င) ဂျပန်ပြည်တွင်းတွင် ရန်ပုံငွေများရရှိနိုင်ရန် အလှူငွေကောက်ခံမှုလုပ်ငန်းများ၊ အခြားပရဟိတလုပ်ငန်းများလုပ်ဆောင်နိုင်ရန် အစရှိသောရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်လုပ်ဆောင်ပါမည်။

## အခန်း(၂)

## လုပ်ငန်းနယ်ပယ်နှင့် တာဝန်ယူမှုများ

ဤနားလည်မှုစာချွန်လွှာသည် နှစ်စဉ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်အစည်းအဝေးများနှင့်အတူ ပူးတွဲဆောင်ရွက်မှု ရည်ရွယ်ချက်များ ပြည့်မီရန်အတွက် ဆောင်ရွက်ပါမည်။

၁။ Education for Development Foundation –Myanmar သည် အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပါမည်–

(က) **ဖွံ့ဖြိုးဆဲဒေသဖြစ်သော မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်စေရန်**

လက်ရှိတွင် စီမံကိန်းဧရိယာအဖြစ် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်ရှိ အခြေခံပညာကျောင်း(၁၀)ကျောင်းခန့်ကို ရွေးချယ်ထားကာ ထိုကျောင်းများမှ ဆင်းရဲနွမ်းပါးမှုကြောင့် အလယ်တန်းပညာ ဆက်လက်သင်ကြားရန် ခက်ခဲသော ကလေးငယ်လေးများအား ပညာတော်သင်ထောက်ပံ့ကြေး ပေးအပ်ခြင်းများကို လုပ်ဆောင်လျှက်ရှိပါသည်။ ထို့အပြင် အနာဂတ်တွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကိုလည်း သင်ယူနိုင်အောင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အလုပ်လက်မဲ့ဦးရေ၊ ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

(ခ) **စာကြည့်တိုက် စီမံကိန်း**

စာဖတ်ခြင်းသည် လူသားအရင်းအမြစ်ကိုပြုစုပျိုးထောင်ရာတွင် အလွန်အရေးပါသောအချက်ဖြစ်သည့်အားလျော်စွာ ကျေးလက်မြို့ပြမကျန် စာသင်ကျောင်းတိုင်းတွင် စာကြည့်တိုက်များထားရှိနိုင်ရေးအတွက် နှစ်စဉ်လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

(ဂ) **မျှော်မှန်းရလဒ်များ**

အလယ်တန်းကျောင်းသားလေးများအား ပညာတော်သင်ထောက်ပံ့ကြေးပေးခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုကြောင့် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသော ကလေးငယ်များအတွက် ဆုံးခန်းတိုင်အောင် ပညာသင်ယူနိုင်မည့်အခွင့်အရေးကို ဖန်တီးပေးနိုင်ခြင်း၊ ကျောင်းတစ်ဝက်တစ်ပျက်ဖြင့် ကျောင်းနားရသော ကလေးအရေအတွက် လျော့နည်းလာစေခြင်း၊ အနာဂတ်မြန်မာနိုင်ငံအတွက် ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များ များစွာပေါ်ထွက်လာနိုင်ခြင်း။ စာကြည့်တိုက်ဆိုင်ရာ စာအုပ်များလှူဒါန်းခြင်း၊ စာအုပ်များလှူဒါန်းခြင်းဖြင့် ကလေးငယ်တိုင်း အလွယ်တကူစာပေနှင့်ထိတွေ့လာနိုင်စေခြင်း၊ စာဖတ်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးများဖြစ်လာစေခြင်း၊ ကလေးငယ်များအသိပညာ၊ အတတ်ပညာများမြင့်မားလာနိုင်စေခြင်း။

(ဃ) **အစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့်ဒေသများ**

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးအစီအစဉ်တွင် ဝန်ကြီးဌာန၏လမ်းညွှန်မှုကို အခြေခံကာ ပညာရေးဝန်ကြီးဌာန လက်အောက်တွက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလယ်တန်းကျောင်းများမှ ရွေးချယ်ဆောင်ရွက်ပါမည်။ Education for Development Foundation – Myanmar သည် လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စီမံကိန်းလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိပါသည်။ စီမံချက်လုပ်ငန်းများကိုလုပ်ဆောင်ရာတွင် လုပ်ငန်းစဉ်တစ်ခုတည်းကိုလုပ်ဆောင်ရာတွင်လည်းကောင်း၊ (သို့မဟုတ်) သက်ဆိုင်ရာဌာနများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် စီမံကိန်းများကို လုပ်ဆောင်ပါမည်။

(င) **ခန့်မှန်းသုံးစွဲမည့် ငွေပမာဏ ၂၀၁၉–၂၀၂၀**

အမေရိကန်ဒေါ်လာ 132,000 (EDF)

(စ) **အကျိုးခံစားရနိုင်သော မျှော်မှန်းလူဦးရေ**

အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်သော မြို့နယ်တစ်ခုစီအတွက် Education for Development Foundation–Myanmar ၏ သတ်မှတ်ရည်ရွယ်ထားသော အနည်းဆုံးခန့်မှန်းလူဦးရေသည် (1000) ဖြစ်ပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသည်–

(က) Education for Development Foundation–Myanmarမှ စီမံကိန်းအဆိုပြုချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်စေရန် ယူဆမိသည်နှင့် ထိုအဆိုပြုချက်များကို ရှင်းရှင်းလင်းလင်းဖြစ်စေရန်အလို့ငှာ လုပ်ရားဆောင်ရွက်ချက်များ၊ စီမံကိန်းများအတွက် Education for Development Foundation–Myanmar မှ စီမံကိန်းအဆိုပြုချက်များကို စဉ်းစားပါမည်။

(ခ) လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ခရိုင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အဆင်ပြေစွာ ပူးပေါင်းဆောင်ရွက်မှုများရရှိစေရန် ကူညီထောက်ပံ့ပါမည်။ ထို့အပြင် ပညာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ ခွင့်ပြုချက်နှင့်အညီ ခရိုင်၊ မြို့နယ် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဂ) ပညာရေးဆိုင်ရာထောက်ပံ့ကြေးများပေးအပ်ခြင်း၊ အခြားသောပညာရေးဆိုင်ရာ ပံ့ပိုးမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် အခြားသင့်တော်သော ပညာရေးဌာနများနှင့်အတူပူးပေါင်းဆောင်ရွက်နိုင်မည့် Education for Development Foundation – Myanmar မှ စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များကို အဆင်ပြေစွာ အကောင်အထည်ဖော်နိုင်ရန် ကူညီထောက်ပံ့ပါမည်။

(ဃ) လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်သော ကြီးကြပ်စစ်ဆေးမှုများတွင် ပါဝင်ပါမည်။

(င) အကူအညီအလိုအပ်ဆုံးသော ကလေးများနှင့် မိသားစုများအကျိုးဖြစ်ထွန်းမည့်အစီအစဉ်များတွင် Education for Development Foundation–Myanmar က ဆောင်ရွက်နေသောလုပ်ရှားမှုများ အကောင်အထည်ဖော်မှုအတွက် တက်ကြွသောပူးပေါင်းဆောင်ရွက်မှုများ ပေးပါမည်။ ထိုပူးပေါင်းဆောင်ရွက်မှုတွင် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနခွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအာဏာပိုင်များအား သတင်းပေးခြင်းများလည်း ပါဝင်ပါသည်။

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ လာရောက်သော ကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာဝန်ထမ်းများနှင့်သက်ဆိုင်သည့်လက်ရှိဥပဒေ၊ နည်းဥပဒေများအရ ပြည်ဝင်ခွင့်ဗီဇာလျှောက်ခြင်းနှင့် နေထိုင်ခွင့်များကို စီမံပေးပါမည်။

(ဆ) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ Education for Development Foundation – Myanmar၏ လူသားချင်းစာနာထောက်ထားသော အကူအညီပေးရန်ပုံငွေများ အပေါ်တွင် ပြည်တွင်းအခွန်များအားလုံးမှ ကင်းလွတ်ခွင့်ကို ဖြည့်ဆည်းပေးပြီးနောက်၊ နောင်အနာဂတ်တွင် စီမံကိန်းလုပ်ငန်း

အစီအစဉ်များကို သင့်တော်သလို အကောင်အထည်ဖော်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် မရှိမဖြစ်အသုံးဝင်မည်ဟု ယူဆသည့် Education for Development Foundation – Myanmar မှ တင်သွင်းလာမည့် ပစ္စည်းများအကောက်ခွန်ကင်းလွတ်ခွင့်ကို အကူအညီပေးပါမည်။

(ဇ) အပြန်အလှန်သဘောတူညီမှုဘောင်အတွင်း မြန်မာအာဏာပိုင်များက အသိအမှတ်ပြုထားသော လုပ်ငန်းအစီအစဉ်ဆောင်ရွက်ချက်များကို အကဲဖြတ်ကြီးကြပ်ပြီး နည်းပညာစောင့်ကြည့်စစ်ဆေးမှုများ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ စီမံချက်နေရာများသို့သွားရောက်ခွင့်ကို အာမခံပေးပြီး Education for Development Foundtion – Myanmarမှ နိုင်ငံတကာဝန်ထမ်းများနှင့် ကျွမ်းကျင်သူများ၏ ခရီးသွားလာခွင့်များကိုစီမံပေးပါမည်။

(ဈ) အခွန်၊ စည်းကြပ်ခွန်နှင့် တစ်ခြားအဖိုးအခများကို ကင်းလွတ်စေပြီး ဘဏ်စာရင်းဖွင့်ခြင်းနှင့် စီမံကိန်းများအတွက် ငွေထုတ်ယူခြင်းများကို ကူညီပေးပါမည်။

(ည) လုပ်ငန်းအစီအစဉ်ဆောင်ရွက်ချက်များအားလုံးအတွက် လိုအပ်သည့် အိုင်ဒီဒီ (IDD) တယ်လီဖုန်းလိုင်းများ၊ ဖတ်စ်နှင့် အခြားသောဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်မှုအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီကူညီပါမည်။

## အခန်း(၃)

## စရိတ်များနှင့် အငြင်းပွားမှုများ ဖြေရှင်းခြင်း

၁။ နှစ်ဖက်အဖွဲ့၏ ဆွေးနွေးမှုပေါ်မူတည်၍ ဤအပြန်အလှန်နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်မှုနှင့် ဆက်စပ်ပြီး Education for Development Foundation – Myanmarက ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ဆိုင်သော ကုန်ကျစရိတ်များကို တာဝန်ယူရပါမည်။

၂။ သဘောတူညီထားသော လုပ်ငန်းစဉ်များတွင် သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာပါက အကြံပြုညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းများဖြင့် ဖြေရှင်းခြင်း(သို့မဟုတ်)သဘောတူညီချက်များကိုရယူပြီး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ပါမည်။

## အခန်း(၄)

## ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၁။ Education for Development Foundation –Myanmar သည် ကလေးများနှင့်မိသားစုများ၏ အကျိုးစီးပွားကို ရှေးရှုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း၊ အကြံပြုလမ်းညွှန်မှုခံယူခြင်းများ လုပ်ဆောင်ပါမည်။

၂။ Education for Development Foundation –Myanmar သည် အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်းပြီး စီမံကိန်းဒေသများသို့ ပူးတွဲကြီးကြပ်ကွပ်ကဲခြင်း၊ ကွင်းဆင်းလေ့လာခြင်းများဆောင်ရွက်မည်ဖြစ်ရာ စီမံကိန်းထိရောက်အောင်မြင်မှုအခြေအနေ၊ အကျိုးရရှိမှုအခြေအနေနှင့် ရေရှည်အကျိုးသက်ရောက်မှု အခြေအနေများကို နှစ်ဖက်အဖွဲ့အစည်းမှ အကဲဖြတ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီးကြီးကြပ်ကွပ်ကဲပါမည်။

## အခန်း(၅)

## သက်တမ်းကာလနှင့် ပြီးဆုံးခြင်း

ဤအပြန်အလှန် နားလည်မှုစာချွန်လွှာသည် လက်မှတ်ထိုးသည့်နေ့မှစတင်ပြီး (၅)နှစ်ကာလအထိ အကျိုးသက်ရောက်မှုရှိစေရမည်။ အဖွဲ့များမှ အပြန်အလှန်ရေးသားထားသော သဘောတူညီမှုဖြင့် ဤအပြန်အလှန် နားလည်မှုစာချွန်လွှာကို ပြန်လည်ပြုပြင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း (သို့မဟုတ်) သက်တမ်းကာလတိုးချဲ့ခြင်းများကို ရေးသားတင်ပြနိုင်သည်။ ထိုသို့ပြင်ဆင်မှုသည် နားလည်မှုစာချွန်လွှာတွင် သဘောတူညီမှု ရယူထားပြီးဖြစ်သော အချက်များအပေါ်တွင်သာ လုပ်ဆောင်ရမည်။ ဤအပြန်အလှန်နားလည်မှုစာချွန်လွှာကို အဆုံးသတ်လိုပါက အဖွဲ့အစည်းများမှ(၆)လ ကြိုတင်အကြောင်းကြားစာပို့ရပါမည်။

ဤနည်းအားဖြင့် နားလည်မှုစာချွန်လွှာကို အောက်ဖော်ပြပါအတိုင်း လက်မှတ်ရေးထိုးခြင်းဖြင့် ၎င်းတို့၏သဘောတူညီချက်များကို အတည်ပြုပါသည်။

| | |
|---|---|
| (ကိုလေးဝင်း) | (ယဉ်ယဉ်ဖြူ) |
| ညွှန်ကြားရေးမှူးချုပ် | ဌာနေကိုယ်စားလှယ် |
| အခြေခံပညာဦးစီးဌာန | EDF _Myanmar |
| | အမှတ် (၅၂) ၊ပထမထပ်၊ |
| | ဈေးကြီးလမ်း၊ ကြည့်မြင်တိုင် |

Department of Basic Education ★ Ministry of Education ★

Education For Development Foundation ★ Myanmar ★ Date 30.1.2020